## အခန်း (၂)

# အင်းဝခေတ် တောင်တွင်းမင်းသီရိဇေယျသူရ ဇနီးမောင်နှံတို့၏ တက်နွဲကျောင်းပိဋကတ်တိုက်

ပုဂံခေတ်ကုန်ဆုံးပြီးနောက် အင်းဝခေတ်ရောက်သောအခါ လောကုတ္တရာရေးရာပိဋကတ်စာပေကျမ်းဂန်များပြုစုလှူဒါန်းပုံကို ကျောက်စာအထောက်အထားများ၌တွေ့ရှိရသည်။

### တက်နွဲကျောင်းပိဋကတ်တိုက်[၁]

### တည်နေရာ

ပုဂံတက်ကြီးအင်း ဦးဉာဏဝ (တက်နွဲ) ကျောင်း၊ ပုဂံညောင်ဦးမြို့နယ်၊ မန္တလေးတိုင်း၊ ရွှေစည်းခုံဘုရားအနောက်ဘက်တွင်ရှိသည်။

သက္ကရာဇ် ၈၀၄ ခုနှစ်တွင်ရေးထိုးခဲ့သည်။ ပုဂံဝက်ကြီးအင်းရှိ တက်နွဲကျောင်းကျောက်စာအထောက်အထားအရ တောင်တွင်းမင်းသီရိဇေယျသူရ ဇနီးမောင်နှံတို့က ကျောင်း ဆောက်လုပ်လှူဒါန်းသည်။ ထိုကျောင်းတော်ကိုဆောက်လုပ်ခြင်း၏ရည်ရွယ်ချက်မှာ အရပ်လေးမျက်နှာမှ စာပေကျမ်းဂန်များ လေ့လာဆည်းပူးရန်အလို့ငှာ ဆောက်လုပ်ခြင်းဖြစ်သည်။ ဆေးကျမ်း၊ ဗေဒင်ကျမ်း၊ သဒ္ဒါကျမ်းတို့နှင့် ပိဋကတ်သုံးပုံကို ကျမ်းတစ်စောင်စီ၏အမည်နှင့် ကုန်ကျငွေကိုပါ ပူးတွဲ၍ စာရင်းပြုလုပ်ပြီးတင်ပြထားသည်။

လောကီ၊ လောကုတ္တရာရေးရာစာပေကျမ်းဂန်များ စုံလင်စွာထားရှိကြောင်းသိရသည်။ ကျမ်းစာရင်းများထဲမှ ရှားပါးလှသော မဟာယာနဆိုင်ရာကျမ်းအချို့နှင့် မရိတျဝဋ္ဌာန၊ ကာလစက်ကြီး၊ ၎င်းဋီကာ၊ ဟေတုဗိန္ဒု၊ ၎င်းဋီကာ၊ တန္တရဝါ ကျမ်းအချို့ ရတ္တမာလာနရယုတ္တိသင်္ဂဟ

---

၁။ ရွှေကိုင်းသား။ "စာကြည့်တိုက်သမိုင်း၊" ဓမ္မဗျူဟာ၊ တွဲ–၇၊ မှတ်–၉၊ (မေ ၁၉၆၉) စာ–၃၅။

အမှီအစ ရှိသည်တို့ကိုတွေ့ရှိရပါသည်။ အင်းဝခေတ်သည် ပုဂံခေတ်လောက်ဗုဒ္ဓဆိုင်ရာစေတီပုထိုး၊ ဂူဘုရား၊ ပိဋကတ်တိုက်များ၊ ကျောင်းများဆောက်လုပ်လှူဒါန်း ကြသည့်အလေ့အထ မများလှသော်လည်း တက်နွှဲကျောင်းကျောက်စာအရ ပုဂံခေတ်ထက်ပို၍ အဆင့်အတန်းမြင့်မား ကြောင်းတွေ့ရှိရလေသည်။ ရန်သူမျိုးငါးပါး၏အဖျက်အဆီးမရှိခဲ့လျှင် တောင်တွင်းမင်းဇနီးမောင်နှံ တို့၏ တက်နွှဲကျောင်း ပိဋကတ်တိုက်ကြီးသည် စာပေကျမ်းဂန်စုံလင်လှသည်။ မြန်မာတို့၏ ရှေးဟောင်းပိဋကတ်တိုက်ကြီး ပင်ဖြစ်လေသည်။ ယခုအခါမော်ကွန်းတင်ကျောက်စာမှလွဲ၍ တခြားပြစရာမရှိတော့သည်မှာ အစားထိုးမရသည့်ကြီးမားသော ဆုံးရှုံးမှုတစ်ရပ်ပင် ဖြစ်လိမ့်မည်ထင်ပါသည်။